**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၁ /၂၀၁၅)**

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

အကြောင်းအရာ။ **ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် သက်တမ်းတိုး နောက်ကျခြင်းအတွက် သတ်မှတ်ထားသော ဒဏ်ကြေးများအား ပယ်ဖျက်ခြင်း**

၁။ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကြေးနှင့် သက်တမ်းတိုးကြေး၊ သက်တမ်းတိုးလျှောက်ထားမှု နောက်ကျခြင်းအတွက် ဒဏ်ကြေး၊ ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးများအား ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၅) ရက်စွဲပါ ထုတ်ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ (၂/၂၀၁၃) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါသတင်းလွှာ အပိုဒ်၄(ခ)တွင် ထုတ်ကုန် သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် သက်တမ်းတိုး နောက်ကျခြင်းအတွက် ဒဏ်ကြေးများအား အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ထသကမှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီး ပထမ (၁) လအတွင်း လျှောက်ထားလျှင် | ကျပ် ၅၀၀၀/- |
| (ခ) | ထသကမှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီး ဒုတိယ (၁) လအတွင်း လျှောက်ထားလျှင် | ကျပ် ၁၀၀၀၀/- |
| (ဂ) | ထသကမှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီး တတိယ (၁) လအတွင်း လျှောက်ထားလျှင် | ကျပ် ၁၅၀၀၀/- |
| (ဃ) | ထသကမှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီး (၃) လ ကျော်လွန်လျှင် | ကျပ် ၃၀၀၀၀/- |

၃။ ယခုအခါ နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးမူဝါဒများနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလျင်မြန်လွယ်ကူစေရန်နှင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များ၏ ကုန်ကျစရိတ်များ လျော့နည်း သက်သာစေရန်အလို့ငှာ ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားမှု နောက်ကျခြင်းအတွက် သတ်မှတ်ထားသော ဒဏ်ကြေးကောက်ခံခြင်းအား ၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

\\172.16.129.11\data (d)\Section(1)\2015 Office Letter\February\Khaing\New Letter.docx